စိုက်ပျိုးရေး၊မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန

စိုက်ပျိုးရေးဦးစီးဌာန

ဆိပ်ဖြူမြို့

# ကြက်သွန်နီ ရေမှုန်ရေမွှားရေပေးစနစ် စံပြကွက် ဆောင်ရွက်မှု စာတမ်း

ဆွေးနွေးတင်ပြသူ

အမည် – ဦးရဲသူရကျော်

ရာထူး – ဒု-လ/ထဦးစီးမှူး

ဒေသ – ဆိပ်ဖြူမြို့နယ်၊စိုက်ပျိုးရေးဦးစီးဌာန

ရက်စွဲ၊ ၂၀၂၄ ခုနှစ်၊ ဖေဖော်ဝါရီ (    ) ရက်

# ၁။ နိဒါန်း

ဆိပ်ဖြူမြို့နယ်အတွင်းစိုက်ပျိုးနိုင်သောဧရိယာ(၈၃၅၆၄)ဧကရှိပြီးစပါးစိုက်ဧက(၁၀၅၅၂)ဧက၊ မြေပဲ(၁၂၅၆၃) ဧက၊ နှမ်း (၃၂၃၀)ဧက၊ နေကြာ (၈၈၅၅) ဧက၊ ပဲတီစိမ်း (၁၇၀၁၉)ဧက၊ပဲစဉ်းငုံ (၁၃၂၅) ဧက၊ ဝါ (၂၃၃) ဧက နှင့် ကြက်သွန်နီ (၆၂၅၄) ဧက စိုက်ပျိုးလျက်ရှိပါသည်။ ဆိပ်ဖြူမြို့နယ်အတွင်း စုစုပေါင်း စိုက်ဧရိယာ၏(၇.၅၀%)ခန့်မှာကြက်သွန်နီသီးနှံကိုနှစ်စဉ်စိုက်ပျိုးထုတ်လုပ်လျက်ရှိပါသည်။ စိုက်ပျိုးရေကို ရေစုပ်စက်ဖြင့် စိုက်ပျိုးလျက်ရှိရာ လောင်စာဆီ၊ လုပ်သားနှင့် တွင်းရေတို့မှာ အခက်အခဲများ ရှိနေခြင်းကြောင့် ယင်းသွင်းအားစုများ လျော့ချနိုင်ရန်အတွက် ရေမှုန်ရေမွှားရေဖျန်းစနစ်ဖြင့် စံပြကွက်ဆောင်ရွက်ရခြင်းဖြစ်ပါသည်။

## ၂။ မိုးရေချိန်ပြဇယား

| စဉ် | လအမည် | (၁၀)နှစ်ပျမ်းမျှ | | ၂၀၂၂ ခုနှစ် | | ပုံမှန်နှစ်ထက် ပို/လို | |
|---|---|---|---|---|---|---|---|
| | | ရက် | လက်မ | ရက် | လက်မ | (+) | (-) |
| ၁ | ဇန်နဝါရီ | ၁ | ၀.၅၅ | ၁ | ၀.၂၀ | - | (-) ၀.၃၅ |
| ၂ | ဖေဖော်ဝါရီ | - | - | - | - | - | - |
| ၃ | မတ် | - | ၀.၀၅ | ၂ | ၂.၉၆ | (+) ၂ | (+) ၂.၉၁ |
| ၄ | ဧပြီ | ၁ | ၀.၅၀ | - | - | (-) ၁ | (-) ၀.၅၀ |
| ၅ | မေ | ၃ | ၂.၀၃ | ၅ | ၄.၂၀ | (+) ၂ | (+) ၂.၁၇ |
| ၆ | ဇွန် | ၅ | ၂.၆၁ | ၁ | ၀.၁၂ | (-) ၄ | (-) ၂.၄၉ |
| ၇ | ဇူလိုင် | ၅ | ၂.၆၆ | ၅ | ၂.၂၇ | - | (-) ၀.၃၉ |
| ၈ | ဩဂုတ် | ၈ | ၄.၄၆ | ၈ | ၇.၅၂ | - | (+) ၃.၀၆ |
| ၉ | စက်တင်ဘာ | ၉ | ၆.၅၆ | ၈ | ၇.၄၆ | (-) ၁ | (+) ၀.၉၀ |
| ၁၀ | အောက်တိုဘာ | ၆ | ၄.၄၃ | ၆ | ၅.၆၂ | - | (+) ၁.၁၉ |
| ၁၁ | နိုဝင်ဘာ | ၂ | ၀.၆၆ | - | - | (-) ၂ | (-) ၀.၆၆ |
| ၁၂ | ဒီဇင်ဘာ | - | ၀.၁၀ | - | - | - | (-) ၀.၁၀ |
| | စုစုပေါင်း | ၄၀ | ၂၄.၆၁ | ၃၆ | ၃၀.၃၅ | (-) ၄ | (+) ၅.၇၄ |

# ၃။ ကြက်သွန်နီရေမှုန်ရေဖွားရေပေးစနစ်စံပြကွက် ကွင်းပြမြေပုံ



# ၄။ ရည်ရွယ်ချက်

- စိုက်ခင်းရေခြွေတာနိုင်စေရန်
- တစ်ဧကကုန်ကျစရိတ်သက်သာစေရန်
- ပိုးမွှားရောဂါ ထိန်းချုပ်ကာကွယ်နိုင်ရန်
- လုပ်သားရှားပါးမှု ဖြေရှင်းနိုင်ရန်နှင့်
- လောင်စာဆီချွေတာနိုင်ရန်

အတွက် ဖော်ပြပါစံပြကွက်အား ဆောင်ရွက်ရခြင်းဖြစ်ပါသည်။






# ၅။ စံပြကွက် ဆောင်ရွက်သည့် ကြက်သွန်နီစိုက်ခင်းပုံစံ

| စဉ် | သီးနှံအမည် | စိုက်ဧက | စံပြကွက်နည်းစနစ် |
|---|---|---|---|
| ၁ | ကြက်သွန်နီ(ဇော်မွှားမျိုးဥ) | ၂.၀၀ | ရေမှုန်ရေမွှားရေပေးစနစ် |





# ၆။ စံပြကွက်ဆောင်ရွက်မှု

- တောင်သူအမည် – ဦးစောထွန်း
- ရပ်ကွက်/ကျေးရွာ – ယောဝရပ်ကွက်
- ကွင်းအမှတ် – ၁၁၁၅/၁၉၅၆
- ဦးပိုင်အမှတ် – ၆ဝ
- စိုက်ဧက – ၂.ဝဝ
- စိုက်စနစ် – ၇"× ၃"
- မျိုးကွဲအမည် – ရွှေဖလား
- စိုက်ရက် – ၁၇.၁ဝ.၂ဝ၂၂
- တစ်ဧကမျိုး(ဇော်မွှားမျိုးဥ) – ၂၅ဝ (ပိဿာ)

# မြေယာပြုပြင်မှု မှတ်တမ်း









# ၇။ စံပြကွက်ရေပေးသွင်းမှုအခြေအနေ

| စဉ် | စံပြကွက်အမျိုးအစား | စိုက်ပျိုးသည့် ဧက | ရေဖျန်းသည့် အကြိမ် | ရေသွင်းချိန်နာရီ (တစ်ဧကနှုန်း) | လောင်စာဆီ အရေအတွက် (တစ်ဧကနှုန်း) | လုပ်သား အရေအတွက် (တစ်ဧကနှုန်း) |
|---|---|---|---|---|---|---|
| ၁ | ကြက်သွန်နီရေမှုန်ရေမွှားစနစ် | ၂.၀၀ | ၂၁.၁၀.၂၀၂၂ | (၄)နာရီ | (၂)ဂါလံ | (၁)ဦး |
| | | | ၅.၁၁.၂၀၂၂ | (၄)နာရီ | (၂)ဂါလံ | (၁)ဦး |
| | | | ၂၀.၁၁.၂၀၂၂ | (၄)နာရီ | (၂)ဂါလံ | (၁)ဦး |
| | | | ၅.၁၂.၂၀၂၂ | (၄)နာရီ | (၂)ဂါလံ | (၁)ဦး |
| | | | ၂၀.၁၂.၂၀၂၂ | (၄)နာရီ | (၂)ဂါလံ | (၁)ဦး |
| | စုစုပေါင်း | ၂.၀၀ | (၅)ကြိမ် | (၂၀)နာရီ | (၁၀)ဂါလံ | (၅)ဦး |

# ၈။ အပင်ပြုစုစောင့်ရှောက်ခြင်း

- စိုက်ပျိုးခြင်း - ၁၇.၁၀.၂၀၂၂
- မျိုးကွဲအမည် - ရွှေဖလား
- ထွန်ယက်ခြင်း - ၁၅. ၁၀. ၂၀၂၂
- မြေခံမြေဩဇာထည့်သွင်းခြင်း - Compound(၁၈:၁၈:၁၈) 50Kg ( ၂ )အိတ်
- ပေါင်းအုပ်ဆေးသုံးစွဲခြင်း - (၁၇.၁၀.၂၀၂၂) Pandamethrin 10%(500cc)
- ပေါင်းသတ်ဆေးဖျန်းခြင်း - (၁.၁၁.၂၀၂၂) Quizalofop (250 cc) ၊
  Oxyfluoferm (250 cc)
- ဒု-မြေဩဇာကျွေးခြင်း - (၁၂.၁၁.၂၀၂၂)Urea 50Kg (၁အိတ်)၊
  Gypsum 25Kg (၅အိတ်)
- တ-မြေဩဇာကျွေးခြင်း - (၁၃.၁၂.၂၀၂၂)Compound(၁၅:၁၅:၂၅) 50Kg (၁အိတ်)
- ပ-မှိုသတ်ဆေးဖျန်းခြင်း - (၁၇.၁၁.၂၀၂၂) Mancozeb 80%WP(500g)
- ဒု-မှိုသတ်ဆေးဖျန်းခြင်း - (၄.၁၂.၂၀၂၂) Kasugamycin2% W/W(250g) ၊
  Copper Oxychloride 85%(250g)
- ရိတ်သိမ်းခြင်း - ၁.၁.၂၀၂၃
- တစ်ဧကအထွက်ပိဿာ - ၅၂၀၀ပိဿာ

# အပင်ပြုစုစောင့်ရှောက်ခြင်းမှတ်တမ်းဓါတ်ပုံ









# ၉။ စံကွက်ရိုက်သိမ်းခြင်း

❖ ရိုက်သိမ်းသည့်နေ့ - ၁.၁.၂၀၂၃

| စဉ် | စံပြကွက်အမျိုးအစား | မျိုးကွဲ | စိုက်စနစ် | စိုက်ရက် | ၆.၆'×၆.၆' စံကွက်အရ | | တောင်သူရိုက်သိမ်းမှု | |
|---|---|---|---|---|---|---|---|---|
| | | | | | စံကွက်အထွက် (ပိသာ) | တစ်ဧကအထွက် (ပိသာ) | ရိတ်ဧက | အထွက် (ပိသာ) |
| ၁ | ကြက်သွန်နီ ရေမှုန်ရေမွှားရေဖျန်းစနစ် | ရွှေဖလား | ၇"× ၃" | ၁၇.၁၀.၂၀၂၂ | ၅.၅၀ | ၅၅၀၀ | ၁.၀၀ | ၅၂၀၀ |

# စံကွက်ရိတ်သိမ်းခြင်းမှတ်တမ်းဓါတ်ပုံ









# ၁၀။ တွေ့ရှိချက်

- ရေမှုန်ရေမွှားစနစ် ရေဖျန်းခြင်းဖြင့် အစိုဓာတ်ညီညာခြင်း
- ရေလေလွင့်မှုနည်းပါးခြင်း
- ရေအစိုဓာတ်ညီညာခြင်းဖြင့် ရောဂါ၊ ပိုးမွှားထိန်းချုပ်ရလွယ်ကူခြင်း
- ရေသွင်းလုပ်သား(တစ်ဦးတည်း) ဖြင့်ဆောင်ရွက်နိုင်ခြင်း
- စိုက်ခင်း ကျင်းခတ်မှု မပြုလုပ်ရခြင်း
- စိုက်ခင်းမြေနေရာလပ်မရှိခြင်းကြောင့် အပင်ဦးရေပိုမိုဝင်ဆံ့၍ ကြက်သွန်အထွက်နှုန်းပိုခြင်း
- ရေဖျန်းပိုက်သည် ( ၂ ) နှစ်အထိ အသုံးပြုနိုင်ပြီး သီးနှံ (၆) ရာသီအထိ အသုံးပြုနိုင်ခြင်းကြောင့် တွက်ခြေကိုက်ခြင်း
- အစိုဓာတ်ညီညာစွာရရှိခြင်းကြောင့် အပင်ကြီးထွားမှု၊ ဥ အရွယ်အစားညီညာခြင်း

# ၁၁။ သုံးသပ်ချက်

- ရေမှုန်ရေမွှားရေဖျန်းစနစ်သုံးခြင်းကြောင့် လုပ်သားလျှော့ချနိုင်ခြင်း
- လောင်စာဆီလျှော့ချနိုင်ခြင်း
- စိုက်ခင်းမြေမကြပ် ခြင်း
- အစိုဓာတ်ညီညာစွာရရှိခြင်း
- သီးနှံပင် ဖွံ့ဖြိုးမှု ညီညာခြင်း
- တောင်သူစီးပွားရေးတွက်ခြေကိုက်ခြင်း

# ၁၂။ အကြံပြုချက်

စိုက်ခင်းရေ၊ လောင်စာဆီနှင့် လုပ်သားရှားပါးမှုပြဿနာများ အခက်အခဲရှိသော တောင်သူများ အနေဖြင့် ရေမှုန်ရေမွှား ရေဖျန်းစနစ်အသုံးပြုသင့်ပါကြောင်း အကြံပြုအပ်ပါသည်။

# ကြက်သွန်သီးနှံ စိုက်ပျိုးမှု တစ်ဧကကုန်ကျစရိတ်နှင့်အကျိုးအမြတ်

- ❖ မြေပြုပြင်ခြင်း – ၃၂၇၀၀၀(ကျပ်)
- ❖ စိုက်ပျိုးခြင်း – ၇၁၄၀၀၀(ကျပ်)
- ❖ သွင်းအားစု – ၂၉၉၈၅၀၀(ကျပ်)
- ❖ ရိတ်သိမ်းခြင်း – ၅၃၀၀၀၀(ကျပ်)
- ❖ စုစုပေါင်းကုန်ကျစရိတ် – ၄၅၆၉၅၀၀(ကျပ်)
- ❖ ကြက်သွန်နီတစ်ဧကဝင်ငွေ – ၅၂၀၀(ပိဿာ) × ၂၀၀၀= ၁၀၄၀၀၀၀၀(ကျပ်)
- ❖ ကြက်သွန်နီတစ်ဧကအတွက်အကျိုးအမြတ် – ၁၀၄၀၀၀၀၀ -- ၄၅၆၉၅၀၀= ၅၈၃၀၅၀၀(ကျပ်)

# ၁၃။ နိဂုံး

ဆိပ်ဖြူမြို့နယ်သည် ကြက်သွန်စိုက်ဧက( ၆၂၅၄ ) ဧကရှိပြီး မြေအောက်ရေ၊ လောင်စာဆီ ဈေးနှုန်းနှင့် လုပ်သားရှားပါးမှုများ တစ်နေ့တစ်ခြားအခက်အခဲဖြစ်လျက်ရှိရာ ဖော်ပြပါအခက်အခဲများ ကျော်လွှားနိုင်ရန်အတွက် ကြက်သွန်စိုက်တောင်သူများ ရေမှုန်ရေမွှား ရေဖျန်းစနစ်အားတွင်ကျယ်စွာ အသုံးပြုနိုင်ရေး ဆက်လက်ပညာပေးဆောင်ရွက်သွားမည်ဖြစ်ပါကြောင်းတင်ပြ အပ်ပါသည်။


ကျေးဇူးတင်ပါသည်။